## ရည်ရွယ်ချက်

အခွန်ထမ်းပြည်သူများအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်များနှင့် ပတ်သက်သည့် အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို တည်ဆဲဥပဒေများနှင့်အညီ ရှင်းလင်းစွာ သိရှိပြီး ခံစားခွင့်ရရှိနိုင်စေရန် ရည်ရွယ်ပါသည်။

## ဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေအမျိုးအစားများနှင့် အကျိုးခံစားခွင့်များ

- ဘာသာရေး သို့မဟုတ် ကုသိုလ်ရေး အဖွဲ့အစည်းတစ်ခုခုကရရှိ၍ ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးကိစ္စများအတွက် သက်သက်အသုံးပြု သောဝင်ငွေ၊
- ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း၏ အခွန်အခရရှိငွေ (ဥပမာ–စည်ပင်သာယာရေးအဖွဲ့များ၊ ဆိပ်ကမ်းအာဏာပိုင်များမှ အခွန်အခကောက်ခံရရှိငွေ၊
- ပင်စင်၊ ပင်စင်မှပြောင်းလဲ၍ ရရှိသောငွေနှင့် လုပ်သက်ဆုငွေ (Gratuity)၊
- သေဆုံး၍ သို့မဟုတ် ဒဏ်ရာရ၍ ရရှိသည့်လျော်ကြေး၊
- အာမခံပေါ်လစီအတွက် ထုတ်ပေး၍ ရရှိငွေ၊
- အဖန်တလဲလဲမဟုတ်ဘဲ တစ်ခါတစ်ရံ ရရှိသည့်ငွေ (အခြေပစ္စည်းမြတ်စွန်းငွေနှင့် လုပ်ငန်းတစ်ရပ်ရပ်မှ ရရှိသည့်ဝင်ငွေတို့ မပါဝင်ပါ)၊
- ပုဂ္ဂိုလ်စုတစ်ခုခုမှ ဝင်ငွေခွန်ပေးဆောင်ပြီး ရရှိသည့်အမြတ်ဝေစု၊
- မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေအရ ဖမ်းဆီးရမှု သို့မဟုတ် တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေ ချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်း ရရှိခြင်း ဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့်စုစုပေါင်းဝင်ငွေ၊
- နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူး တံဆိပ်များနှင့်အတူ ရရှိသည့် ချီးမြှင့်ငွေများ၊
- အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှထုတ်ယူရရှိငွေ၊
- ရှေးဟောင်းပစ္စည်းတွေ့ရှိမှုအပေါ် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ငွေ၊
- ပြည်တွင်းထုတ်လုပ်မှုကိုအခြေခံသည့် အသစ်ထူထောင်သော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ (သို့) အသေးစား စက်မှုလက်မှုလုပ်ငန်းများအတွက် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ်တစ်နှစ် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၂၀၀ ထိ၊



- ကုလသမဂ္ဂ၊ သံတမန်၊ ကောင်စစ်ရေးရာ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် အထူးစီးပွားရေးဇုန်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင် ပါရှိသောဝင်ငွေခွန် အကျိုးခံစားခွင့်များ။

## ပြည်ထောင်စုအစိုးရအဖွဲ့မှ ဝင်ငွေခွန် ကင်းလွတ်ခွင့်/ သက်သာခွင့် ပြုနိုင်သည့် ဝင်ငွေအမျိုးအစားများနှင့် ကိစ္စရပ်များ

- **ပြည်ထောင်စုအစိုးရသည်** အောက်ပါဝင်ငွေအမျိုးအစားများနှင့် စပ်လျဉ်း၍ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပေးခြင်း (သို့) သက်သာခွင့်ပေးခြင်း (သို့) အခွန်နှင့် စပ်လျဉ်းသည့် အခြားခံစားခွင့်ပေးခြင်းတို့ကို ပြုလုပ်နိုင်သည်–
  - ပြည်တွင်းပြည်ပအလှူရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ နိုင်ငံတော်အတွင်း လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် လှူဒါန်းသည့်ငွေ၊
  - နိုင်ငံတော်အတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ ပေးအပ်သည့် အထောက်အပံ့များ၊
  - နိုင်ငံတော်မှ ရယူသည့် သက်သာသောချေးငွေ သို့မဟုတ် တရားဝင်ဖွံ့ဖြိုးမှု အကူအညီချေးငွေအတွက် ပေးချေရသည့် အတိုး၊
  - သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ ထောက်ပံ့လှူဒါန်းသည့်ပစ္စည်း သို့မဟုတ် အလှူငွေ။
- **ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါကိစ္စရပ်များအတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် (သို့) သက်သာခွင့်ပေးခြင်းများ ပြုလုပ်နိုင်ပါသည်–
  - ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ နိုင်ငံတော်သို့ လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊
  - ငွေချေးသက်သေခံစျေးကွက်လက်မှတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ။

## ဝင်ငွေခွန်တွက်ချက်ရာတွင် သက်သာခွင့်ပြုငွေများ

- စုစုပေါင်းဝင်ငွေမှ အောက်ပါတို့ကိုနုတ်ပယ်၍ ကျန်ငွေအပေါ်တွင် အခွန်တွက်ချက်ပြီး စည်းကြပ်ရမည်–
  - ပုဂ္ဂိုလ်စုနှင့် တစ်ဦးချင်းပုဂ္ဂိုလ်များအတွက် ဝင်ငွေအမျိုးအစား တစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသော အခြေခံခွင့်ပြုငွေ (ကျပ်သိန်း ၁၀၀ ထက် မပိုစေရ)
  - တစ်ဦးချင်းပုဂ္ဂိုလ်များအတွက် အတူနေမိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊
  - အိမ်ထောင်ဖက်တစ်ဦးတည်းအတွက်သာလျှင် ကျပ် ၁၀ သိန်း၊



  - သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ ( အိမ်ထောင်မရှိသူ၊ ဝင်ငွေခွန်ထိုက်သင့်သည့် ဝင်ငွေမရရှိသူ၊ အသက် ၁၈ နှစ်မပြည့်သေးသူ (သို့) ပြည့်ပြီးသော်လည်း ပညာသင်ကြားလျက်ရှိသူ)၊
  - အခွန်ထမ်းနှင့် အိမ်ထောင်ဖက်၏ အသက်အာမခံအတွက် ပေးရသောပရီမီယံ၊ အခွန်ထမ်း၏ လူမှုဖူလုံရေး ထည့်ဝင်ငွေ။
- နိုင်ငံတော်အဖွဲ့အစည်းအဆင့်ဆင့်က ကမကထပြုသော (သို့) ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်၍ အသိအမှတ်ပြုသော ဘာသာရေး (သို့) ကုသိုလ်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုသို့ လှူဒါန်းထည့်ဝင်ငွေ ( လှူဒါန်းထည့်ဝင်ငွေသည် စုစုပေါင်းဝင်ငွေ၏ ၂၅ % ထက် မပိုစေရ)။

## ဝင်ငွေခွန်ဆိုင်ရာ အခြားကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ

- လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေ ကျပ် ၄၈ သိန်းအထိ ရရှိသူ၊
- လစာ၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် စုစုပေါင်းဝင်ငွေမှ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ငွေ ၁ ကျပ်မှ ကျပ်သိန်း၂၀ ထိ သုည ရာခိုင်နှုန်း၊
- အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ် တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ ဆောင်ရွက်ခြင်းတို့အတွက် ဝင်ငွေရလမ်းအတိအကျ တင်ပြနိုင်ပါက ဝင်ငွေခွန် ထမ်းဆောင်ရန်မလိုပါ၊
- နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု (သို့) တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း (သို့) လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်းတန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် ဝင်ငွေခွန်မကျသင့်ပါ။

## ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရရှိခြင်း

- ဘာသာရေး (သို့) ကုသိုလ်ရေးအဖွဲ့အစည်းတစ်ခုခုက ဘာသာရေး (သို့) ကုသိုလ်ရေးကိစ္စသက်သက်အတွက် ထုတ်လုပ်ရောင်းချသည့် ကုန်စည် (သို့) ဆောင်ရွက်သည့် ဝန်ဆောင်မှုများသည် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် ရရှိပါသည်။
- ၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေသည့် ကုန်စည်အမျိုးအစား အမှတ်စဉ် ၄၆ မျိုးရှိကုန်စည်များ၊ ဝန်ဆောင်မှု အမျိုးအစား အမှတ်စဉ် ၃၄ မျိုးရှိ ဝန်ဆောင်မှုများ။
- သမဝါယမနှင့် ပုဂ္ဂလိက ကဏ္ဍများအတွက် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ခြင်းနှင့် ကုန်သွယ်မှုဆောင်ရွက်ခြင်းတို့အတွက် နှစ်တစ်နှစ်

အတွင်း ရောင်းရငွေ/ ရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိထက် မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုပါ။

- ➢ အကောက်ခွန် စံသတ်မှတ်ချက်များနှင့်အညီ အမြန်ပေးပို့ထုတ်ယူလိုသည့် ကုန်စည်များအပေါ် အခွန်အခများ ကင်းလွတ်ခွင့်ပြုနိုင်သည့် အကောက်ခွန်ဦးစီးဌာန၏ အနိမ့်ဆုံးတန်ဖိုးသတ်မှတ်ချက်။

## ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ပြုနိုင်သည့်ကိစ္စရပ်များ

❖ **ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ**ဖြင့် အောက်ပါတို့ကိုဆောင်ရွက်နိုင်သည်–

- ➢ ကုန်စည်တစ်မျိုးမျိုး (သို့) ဝန်ဆောင်မှုတစ်ရပ်ရပ် (သို့) အခွန်ထမ်း တစ်ဦးဦးအတွက် အခွန်ကင်းလွတ်ခွင့် (သို့) သက်သာခွင့်ပြုခြင်း (သို့) ပြန်လည်ရုပ်သိမ်းခြင်း။
- ➢ အသစ်ထူထောင်သောလုပ်ငန်း (သို့) ဆောင်ရွက်ဆဲလုပ်ငန်းတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍–
  - အသစ်တည်ဆောက်ရာတွင် (သို့) ဆောင်ရွက်ဆဲလုပ်ငန်းများတွင် တပ်ဆင်အသုံးပြုရန် ပြည်ပမှ တင်သွင်းသော စက်ပစ္စည်းများ၊ စက်ကိရိယာများနှင့် အခြားပစ္စည်းအပေါ် အခွန်ကင်းလွတ်ခွင့် (သို့) သက်သာခွင့်ပြုခြင်း၊
  - ထုတ်လုပ်မှုလုပ်ငန်း (သို့) ဝန်ဆောင်မှုလုပ်ငန်း စီးပွားဖြစ် စတင်သောနေ့မှ ၃၆ လအထိ နှစ်ကန့်သတ်ချက်ဖြင့် အခွန်ကင်းလွတ်ခွင့် (သို့) သက်သာခွင့်ပြုခြင်း၊
  - နိုင်ငံတော်အတွင်းထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချသော ကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ အခွန်ကင်းလွတ်ခွင့် (သို့) သက်သာခွင့်ပြုခြင်း။

❖ **ပြည်ထောင်စုအစိုးရသည်** အောက်ဖော်ပြပါကုန်စည်များနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် (သို့) သက်သာခွင့်ပေးခြင်းများ ပြုလုပ်နိုင်ပါသည်–

- ➢ ပြည်တွင်းပြည်ပအလှူရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ နိုင်ငံတော်အတွင်း လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် လှူဒါန်းသည့် ကုန်စည်များ၊
- ➢ ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ နိုင်ငံတော်သို့အထောက်အပံ့များအဖြစ် ပေးအပ်သောကုန်စည်များ၊
- ➢ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အလှူရှင်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ပညာရှင်များ၊ ကျွမ်းကျင်သူများ မြန်မာနိုင်ငံအတွင်းနေထိုင်စဉ် အသုံးပြုရန် တင်သွင်းလာသည့် အသုံးအဆောင်ပစ္စည်းများ၊
- ➢ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန်အခွင့်အရေးမှုအရ သံတမန်များနှင့် စပ်လျဉ်းသည့်ကုန်စည်များ။



❖ **ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများက လှူဒါန်းငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် (သို့) သက်သာခွင့်ပြုနိုင်သည်။

## အထူးကုန်စည်ခွန်ကင်းလွတ်ခွင့်ရရှိသည့် ရောင်းရငွေ

၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိထက် မပိုလျှင် အထူးကုန်စည်ခွန် စည်းကြပ်ခြင်းမပြုပါ။

## အထူးကုန်စည်ခွန်ကင်းလွတ်ခွင့်ရရှိသည့် အထူးကုန်စည်အမျိုးအစားများ

- ➢ ပြည်ပသို့ တင်ပို့သော သစ်လုံး၊ သစ်ခွဲသားများမှတစ်ပါး ပြည်ပသို့ တင်ပို့သော ကျန်အထူးကုန်စည်များ၊
- ➢ ခရီးသွားသူများအား အခွန်လွတ်အရောင်းဆိုင် (သို့) ပြည်ပသို့ ပျံသန်း ပြေးဆွဲနေစဉ် လေယာဉ် (သို့) သင်္ဘောပေါ်တွင် ရောင်းချသည့် အထူးကုန်စည်များ၊
- ➢ ယာယီအသုံးပြုရန် တင်သွင်းလာပြီး မူလတင်သွင်းသည့်နိုင်ငံသို့ မူရင်း ပမာဏ အခြေအနေအတိုင်း အကောက်ခွန်သတ်မှတ်ချက်နှင့်အညီ ပြန်လည် တင်ပို့သည့် အထူးကုန်စည်များ၊
- ➢ ပြည်တွင်းပြည်ပအလှူရှင်များမှ ပြည်တွင်း၌ လှူဒါန်းရန် လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် တင်သွင်းသော (သို့) ပြည်တွင်း၌ ထုတ်လုပ်သော အထူးကုန်စည်များ၊
- ➢ အပြည်ပြည်ဆိုင်ရာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ (သို့) သံတမန်ဆိုင်ရာ ကွန်ဗင်းရှင်းများအရ ကင်းလွတ်ခွင့်ရရှိသူတို့အတွက် တင်သွင်းလာသည့် အထူးကုန်စည်များ၊
- ➢ ပြည်ပသို့ထွက်ခွာမည့် လေယာဉ်များတွင် အသုံးပြုမည့် လောင်စာဆီများ။

❖ **ပြည်ထောင်စုအစိုးရအဖွဲ့**သည် အောက်ပါ အထူးကုန်စည်များအတွက် အခွန်ကင်းလွတ်ခွင့် (သို့) သက်သာခွင့်ပြုနိုင်ပါသည်–

- ➢ ပြည်ပအဖွဲ့အစည်းများမှ နိုင်ငံတော်သို့ အထောက်အပံ့အဖြစ် ပေးအပ်သော (သို့) အထောက်အပံ့ရရှိငွေဖြင့် ဝယ်ယူသောအထူးကုန်စည်များ၊
- ➢ အပြန်အလှန်အခွင့်အရေးမှုတွင် ပါဝင်သည့် အထူးကုန်စည်များ၊
- ➢ ကျွန်းနှင့်သစ်မာသစ်လုံးများ၊ သတ်မှတ်ချက်နှင့်အညီ အခြေခံအဆင့် ခွဲစိတ်ထားသည့် ကျွန်းနှင့် သစ်မာသစ်ခွဲသားများမှအပ နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေးအဖွဲ့အစည်းများ အသုံးပြုရန် ကိုယ်တိုင် ထုတ်လုပ်သော၊ တင်သွင်းသော (သို့) ဝယ်ယူသော အထူးကုန်စည်များ။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

**“တည်ဆဲအခွန်ဆိုင်ရာဥပဒေများအရ အခွန်ထမ်းများ ရရှိနိုင်သည့် အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များအကြောင်း သိကောင်းစရာများ”**







၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

**Internal Revenue Department**

**Office Building No.(46), Nay Pyi Taw**

**https://www.ird.gov.mm**

**“ Tax by the Law, Service by our Heart ”**